# စနေနေ့ကြီး

ရှင်မာကူး ၁၆း၁ - ၈

စနေနေ့ကြီးမှာ ကျနော်တို့ဘာသာသူတွေ မာရီယားမာဒလေနားလို သခင်ယေဖူးရဲ့ သချိုင်းဂူရှေ့မှာ ဒုက္ခခံထမ်းခဲ့တဲ့ ယေဖူးဘုရားရှင်အကြောင်းကို ဆက်လက်စဉ်းစားဆင်ခြင်နေရင်းနဲ့ ရှင်ပြန်ထမြောက်လာမည့်ယေဖူးဘုရားရှင်ကို ယုံကြည်မျှော်လင့်နေရမည့်နေ့ရက်ကြီး ဖြစ်ပါတယ်။ ယနေ့ညဟာ ယေဖူးဘုရားရှင် သေရာမှပြန်ရှင်တော်မူတဲ့ ပါစကားပွဲတော်ကြီးဖြစ်ပါတယ်။

ပါစကားဆိုတဲ့ Pass over ဆိုတာ ကျော်ဖြတ်သွားခြင်းလို့ အဓိပ္ပါယ်ရပါတယ်။ ဘယ်လိုစပြီး ဖြစ်လာတာလဲဆိုတော့ ရှေးတုံးက ဘုရားသခင်ရွေးကောက်ထားတဲ့လူမျိုးတော် အီဇရာအဲလ်လူမျိုးတွေ အီဂျစ်ပြည်မှာ ကျွန်ခံနေရပါတယ်။ ကျွန်ဘဝမှလွတ်မြောက်ဖို့ ဘုရားသခင်က မိုးဇယ်ကို စေလွှတ်ပြီး ကယ်ခိုင်းပါတယ်။ အီဂျစ်ဘုရင် ဖါရာအုမ်က ခေါင်းမာနေတာကြောင့် နောက်ဆုံး ဘုရားသခင်က မိုးဇယ်မှတစ်ဆင့် အီဇရာအဲလ်လူမျိုးတွေကို ကိုယ့်မိသားစုအလိုက် သိုးတစ်ကောင်ကို သတ်စားပါ။ သိုးရဲ့အသွေးကို ကိုယ့်အိမ်တံခါးတိုင်မှာ သုတ်ထားပါ။ ညကျရင် ဘုရားသခင်က အီဂျစ်ပြည်ကို ဒဏ်ခတ်မယ်။ အီဂျစ်ပြည်မှာရှိကြတဲ့သားဦးတွေကို သေစေမယ်။ ဒါပေမဲ့ သိုးရဲ့အသွေး သုတ်ထားတဲ့ အီဇရာအဲလ်လူမျိုးတွေရဲ့ အိမ်တွေကိုတော့ ဒဏ်မခတ်ပဲ ကျော်ဖြတ်သွားမယ်။ အဲဒီကျော်ဖြတ်ခြင်းကို အကြောင်းပြုပြီး ပါစကားပွဲဆိုတာ စတင်ဖြစ်လာပါတယ်။ ဖါရာအုမ်ဘုရင်ကလည်း သားဦးတွေအကုန် သေရလို့ စိတ်လျှော့ပြီး အီဇရာအဲလ်ကျွန်တွေကို ကျွန်ဘဝမှ လွတ်မြောက်ခွင့် ပေးလိုက်ရပါတော့တယ်။ ဒီအဖြစ်အပျက်ကို အကြောင်းပြုပြီး ဘုရားသခင်က ကယ်တင်ပေးလိုက်တာကို အမြဲအမှတ်ရနေစေဖို့ ပါစကားပွဲတော်ကို နှစ်စဉ်ကျင်းပကြပါတယ်။ ဒါကတော့ ဘုရားသခင်ကိုယ်တော်တိုင်ရဲ့ပါစကား (ကျော်ဖြတ်ခြင်း)ပါပဲ။

ဒုတိယ ပါစကားရဲ့အဓိပ္ပါယ်ကတော့ ကျနော်တို့ကိုယ်တိုင်ရဲ့ပါစကား (ကျော်ဖြတ်ခြင်း)ပါပဲ။ အဲ့ဒီလို ကျွန်ဘဝက ထွက်မြောက်လာကြတဲ့အီဇရာအဲလ်လူမျိုးတွေဟာ ရှေ့မှာလည်း ပင်လယ်နီကလည်း ရှိနေတယ်၊ နောက်မှာလည်း အီဂျစ်စစ်တပ်က လိုက်လာနေတယ်။ ဒါကြောင့် ဘုရားသခင်က ပင်လယ်ကြီးကို နှစ်ခြမ်းခွဲပေးတော်မူခဲ့ပါတယ်။ ဒီအခါ အီဇရာအဲလ်လူမျိုးတွေ ခြောက်သွေ့တဲ့လမ်းအတိုင်း ပင်လယ်ကြီးကို ကျော်ဖြတ်ခဲ့ပါတယ်။ ဒီတစ်ခါ ကျော်ဖြတ်တဲ့သူကတော့ ကျနော်တို့ ကိုယ်တိုင်ပါပဲ။ ဘုရားက ဘယ်လိုပဲ သူ့တန်ခိုးတော်နဲ့ ပင်လယ်ကြီးကို နှစ်ခြမ်း ကွဲစေလိုက်ပေမဲ့ ကျနော်တို့ကိုယ်တိုင်က မကျော်ဖြတ်ပဲနေရင် လွတ်မြောက်တဲ့နယ်မြေကို ရောက်မှာ မဟုတ်ပါဘူး။ ဒါကြောင့် ကျနော်တို့ ကျော်ဖြတ်နိုင်အောင် လုပ်ပေးတဲ့သူက ဘုရားသခင်ပဲ ဖြစ်ပါတယ်။

ဒီလိုပါပဲ ပါစကားပွဲမှာ အပြစ်မပါတဲ့ သိုးသငယ်ကို သတ်ပြီး သိုးအသွေးကို ကိုယ့်အိမ်တံခါးမှာ ယုံယုံကြည်ကြည်နဲ့ သုတ်ထားလို့ သေခြင်းဘေးမှ လွတ်မြောက်စေသလို ယေဖူးဘုရားရှင်က သူ့ကိုယ်သူ "လောကအပြစ်ကို ချွတ်တော်မူတဲ့သိုးငယ်တော်" အဖြစ် အသေခံပေးလို့ ကျနော်တို့လည်း ထာဝရသေခြင်းဘေးမှ လွတ်မြောက်ခွင့် ရရှိကြရပါတယ်။ ဒါကြောင့် ရှေးတုံးကအတိုင်း ဘုရားက အီဇရာအဲလ်အိမ်တွေကို ကျော်ဖြတ်မသွားရင်၊ ဘုရားက ပင်လယ်ကြီးကို နှစ်ခြမ်းခွဲမပေးရင်၊ သခင်ယေဖူးက အသေခံမပေးရင် ကျနော်တို့ မလွတ်မြောက်နိုင်ပါဘူး။ အီဂျစ်စစ်သားတွေလို

ပင်လယ်ထဲမှာ နစ်မြုပ်သေဆုံးကုန်ပါလိမ့်မယ်။ ဒါကြောင့် ပါစကားနက်နဲရာ အဓိပ္ပါယ်အတိုင်း ကျနော်တို့က အပြစ်တွေကျူးလွန်နေတဲ့ဘဝမှ ပါရမီတွေနဲ့နေထိုင်တဲ့ဘဝသို့ ကျော်ဖြတ်သွားစရာ လိုအပ်ပါတယ်။ သခင်ယေရှုရဲ့သေရာမှပြန်ရှင်ခြင်းအတိုင်း သေနိုင်တဲ့လောကဘဝအသက်တာမှ မသေနိုင်တော့တဲ့ထာဝရအသက်တာဘဝသို့ ကျော်ဖြတ်စရာလိုပါတယ်။ အီဇရာအဲလ်လူမျိုးတွေလည်း အီဂျစ်ပြည်ကျွန်ဘဝမှ ဘုရားသခင် ဂတိထားတဲ့ပြည်သို့ လွတ်လပ်တဲ့ဘဝနဲ့ ဝင်ရောက်နေထိုင်ကြသလိုပေါ့။ သခင်ယေရှုကိုယ်တော်တိုင်လည်း ရှင်ယောဟန် ၁၃း၁ မှာ "ယေရှုသည် ဤလောကမှထွက်ခွါ၍ ခမည်းတော်ထံသို့ ကြွသွားရမည်ဖြစ်သော မိမိအချိန်ကို သိတော်မူတယ်" တဲ့ ။ ဤလောကမှ ခမည်းတော်ထံသို့ ဆိုတဲ့ လမ်းခရီးပါပဲ။ ကျနော်တို့လည်း လောကခရီးသည်တွေပါပဲလို့ ခဏခဏပြောကြတာ ကြားဖူးမှာပါ။ ဘယ်လိုလမ်းခရီးနဲ့ သွားရင် ခမည်းတော်ဘုရားထံ ရောက်နိုင်မှာလဲ။ ယေရှုဘုရားရှင်ဆိုတဲ့ လမ်းခရီးနဲ့ သွားကြမှ ရောက်မှာပါ။ ဒါကြောင့် ယေရှုဘုရားရှင်က "ငါသည် လမ်းခရီးဖြစ်၏။ ငါ့ကို အမှီမပြုပဲ မည်သူမျှ ခမည်းတော်ထံသို့ မရောက်နိုင်" လို့ မိန့်တော်မူထားပါတယ်။

ယေရှုဘုရားရှင်က လက်ဝါးကားတိုင်မှာ အသေခံသလို ကျနော်တို့လည်း အပြစ်တွေ လုပ်ချင်နေတဲ့ကိုယ်ခန္ဓာကို ကားတိုင်ပေါ်မှာ ရိုက်ထားကြရမယ် လို့ ရှင်ပေါလူးက ရေးထားပါတယ်။ ဆိုလိုတာကတော့ သေတဲ့လူက အပြစ် မလုပ်တော့သလို ကျနော်တို့လည်း အပြစ်နဲ့ ပတ်သက်လာရင် သေနေတဲ့လူလိုပဲ ဘာမျှမလုပ်တော့ဘူး။ ရှင်ပြန်ထမြောက်ဖို့အတွက် အဲဒီလို ဒုက္ခခံ၊ အသေခံစရာလိုအပ်ပါတယ်။ သခင်ယေရှု သေရာမှပြန်ရှင်ပြီး ဧမာဦးရွာကို သွားကြတဲ့ တပည့်တော်ကြီး နှစ်ပါးကို မိန့်တော်မူခဲ့တာကို နားထောင် ကြည့်ပါ။ "ခရစ်တော်သည် မိမိဘုန်းဂုဏ်တော်သို့ ကြွဝင်တော်မူရန်အတွက် ဤအရာများကို ခံထမ်းရန်လိုအပ်သည် မဟုတ်လော" တဲ့ ။

ယနေ့ညမှာ ရှင်ပြန်ထမြောက်တဲ့ယေရှုဘုရားရှင်ကို ကိုယ်စားပြုတဲ့ ပါစကားဖယောင်းတိုင်ကြီးကို ကြည့်ပါ။ မှောင်နေတဲ့အပြင်လောကကြီးထဲမှာ ခရစ်တော်ဆိုတဲ့အလင်း ဆောင်ကျဉ်းပေးနိုင်ကြဖို့ ကိုယ်စီ အလင်းရောင် ပေးကြပါစို့။ အမှောင်ဘဝမှ အလင်းသားဘဝသို့၊ အပြစ်လုပ်နေတဲ့ဘဝဟောင်းမှ ပါရမီတွေနဲ့ပြည့်စုံတဲ့ဘဝသစ်သို့ ၊ နောက်ဆုံး သေနိုင်တဲ့ ဒီလောကဘဝမှ မသေနိုင်တဲ့ ထာဝရအသက်ဘဝသို့ ကျော်ဖြတ်နိုင်အောင် ကျိုးစားကြပါစို့။

နားဆင်သူအားလုံးအပေါ် ဘုရားသခင့်ကောင်းကြီးမင်္ဂလာများ ခံစားကြရပါစေ။